# အပျိုဖော်၊လူပျိုဖော်အရွယ်မျိုးပွားခြင်း ကျန်းမာရေးကွန်ရက်(ARHN)

## မဲဆောက်၊ ထိုင်းနိုင်ငံ

## အမျိုးသမီးဒုက္ခသည်ကော်မရှင်နှင့် ကလေးများ ကယ်ဆယ်ရေးအဖွဲ့

ဇူလိုင် ၂၀၁၂

## *အဖွဲ့အစည်းကူညီ၊ထောက်ပံ့ပေးသူများအတွက် အစီရင်ခံစာ*

### ကျွန်ုပ်တို့ဘယ်သူတွေဖြစ်သလဲ။

အမျိုးသမီးဒုက္ခသည်ကော်မရှင်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်အခြေစိုက်ပြီး ဒုက္ခရောက်နေသူများအား ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းသည် ဒုက္ခသည်များ၊ဒေသတွင်းနေရာပြောင်း ရွှေ့ခံရသည့် အမျိုးသမီးများ၊ကလေးများနှင့် တစ်ကမ္ဘာလုံးရှိ လူငယ်များ၏ဘဝနှင့်အခွင့်အရေးကို မြှင့်တင်ပေးရန် တရား ဥပဒေ၊ မူဝါဒရေးရာနှင့်စီမံချက်များပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံရပ်တည်ကူညီပေးနေသည့် အဖွဲ့အစည်းဖြစ်ပါသည်။

ကလေးများကယ်ဆယ်ရေးအဖွဲ့သည် အစားအစာ၊ ကျန်းမာရေးစောက်ရှောက်မှုနှင့် ပညာရေးကဏ္ဍများ ထောက်ပံ့ပေးခြင်းဖြင့်ကမ္ဘာ့အနှံ့ရှိ ကလေးများ၏ဘဝကို မြှင့်တင်ပေးရန်လုပ်ဆောင်နေပါသည်။ ဤအဖွဲ့သည် ဘေးအန္တရာယ်များ၊ ပဋိပက္ခနေရာများမှသူများအတွက် လုပ်ဆောင်ပေးသည့်အပြင် လူမှုအဖွဲ့အစည်းများကို ရေရှည်ပြန်လည်ကောင်းမွန်ရေး အစီစဉ်များဖြင့် ပြန်လည်တည်ထောင်ပေးပြီး ကူညီနေပါသည်။



**ARHN လူငယ်စင်တာ**

### အပျိုဖော် လူပျိုဖော်အရွယ် လိင်နှင့်မျိုးပွားခြင်းကျန်းမာရေး

အပျိုဖော်၊လူပျိုဖော်အရွယ် အပါအဝင် လူတိုင်းသည် သူတို့၏ခန္ဓာကိုယ်အား ဂရုစိုက်ရန်အတွက် လိုအပ်သည့်ဝန်ဆောင်မှုများနှင့်သတင်းအချက်အလက်များ ရရှိရန် အခွင့်အရေးရှိပါသည်။ အသက် ၁၀-၁၉ အပျိုဖော်၊လူပျိုဖော်အရွယ် မိန်းကလေး၊ယောကျ်ားလေးများသည် အထူးဂရုစိုက်မှုနှင့် သူတို့နှင့်ကိုက်ညီမည့် လိင်နှင့်မျိုးပွားခြင်းကျန်းမာရေး သတင်းအချက်အလက်များနှင့် စောင့်ရှောက်ခြင်းတို့ လိုအပ်ပါသည်။ ထို့အပြင် HIV ကဲ့သို့လိင်မှ ကူးစက်သောရောဂါများ ကာကွယ်ရန် သင်ယူခြင်းနှင့် သူတို့ကလေးယူရန် အဆင်သင့် မဖြစ်သေးလျှင် သောက်ဆေးနှင့် ကွန်ဒုံးအသုံးပြုခြင်းကဲ့သို့ ကြိုတင်သန္ဓေတားနည်းလမ်းများရရှိရန် အခွင့်အရေးများလည်းပါဝင်ပါသည်။

### ဘာကြောင့်ကျွန်ုပ်တို့ ထိုင်းနိုင်ငံကို လာခဲ့ရသနည်း။

ကျွန်ုပ်တို့သည် အပျိုဖော်လူပျိုဖော်အရွယ် မျိုးပွားခြင်း ကျန်းမာရေးကွန်ရက်နှင့် သူတို့၏လူငယ်စင်တာမှ မဲဆောက်တွက် မြန်မာပြည်သူများအတွက် လုပ်ဆောင်ပေးနေခဲ့သော လုပ်ဆောင်ချက်ကောင်းများကို ကြားသိခဲ့ရသည့်အတွက် ပိုမိုလေ့လာရန် ထိုင်းနိုင်ငံကို လာရောက်ခဲ့ခြင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပျိုဖော်၊လူပျိုဖော်အရွယ်အများအတွက် ARHN မှပေးသည့်ဝန်ဆောင်မှုနှင့် လူငယ်စင်တာအကြောင်းကို ဝန်ထမ်းနှင့်လာရောက်သူများမှ မည်သို့ထင်မြင်မှုရှိသည်ကို တွေ့ရှိ ချင်နေခဲ့ပါသည်။ ကျွန်ုပ်တို့စုဆောင်းထားသော သတင်းအချက်အလက်များသည် ကမ္ဘာ့အနှံ့တွင်ရှိသော အပျိုဖော်၊လူပျိုဖော်အရွယ် လိင်နှင့်မျိုးပွားခြင်းကျန်းမာရေး အပေါ်တွင် အစီရင်ခံစာအစိတ်ပိုင်း ဖြစ်ပါလိမ့်မည်။

## ကျွန်ုပ်တို့ လာရောက်စဉ်အတွင်း ဘာတွေကို လုပ်ဆောင်ခဲ့သနည်း။

ကျွန်ုပ်တို့သည်ဇူလိုင် ၂၀၁၂ခုနှစ်တွင်မဲဆောက်သို့လာရောက်ခဲ့ပါသည်။ ARHN လူငယ်စင်တာတွင် ဖြစ်ပျက်နေသည်များကို စူးစမ်းလေ့လာခြင်းအပြင် ဝန်ထမ်းများ အပျိုဖေါ်၊ လူပျိုဖေါ် အရွယ်လာရောက်သူများနှင့်လည်း စကားပြောဆိုခြင်းများ အတွက် အချိန်သုံးခဲ့ပါသည်။ မိန်းကလေး ၁၀ ယောက်၊ ယောက်ျားလေး ၁၀ ယောက်၊ နယ်ဝေးလုပ်သား ၉ယောက်နှင့်အတူ အုပ်စုလိုက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

## ကျွန်ုပ်တို့လာရောက်စဉ် ဘာတွေကို လေ့လာသင်ယူခဲ့သနည်း။

ARHN ကို တိုင်းရင်းသားအခြေစိုက်အဖွဲ့(၈)ဖွဲ့(CBOs)ဖြင့် ၂၀၀၃ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအဖွဲ့သည် မြန်မာတိုင်းရင်းသားများမှ ရွှေ့ပြောင်းလာသူအပျိုဖေါ်၊လူပျိုဖေါ် အရွယ်များ၏ လိင်နှင့်မျိုးပွားခြင်းကျမ်းမာရေး လိုအပ်ချက်များ အတွက် အတူလုပ်ဆောင်နေပါသည်။ ARHN သည် လူငယ်စင်တာကို ၂၀၀၈ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ပါသည်။ လူငယ်စင်တာသည် လိင်ထိတွေ့ခြင်းမှကူးစက်သည့် HIV ကဲ့သို့ ကူးစက်ရောဂါများနှင့် ကိုယ်ဝန်မရရှိအောင် ကြိုတင်ကာကွယ်ရန် အလုပ်ရုံများတွင် အရွယ်တူ သင်ကြားပေးမည့်သူများ ထားရှိကာ ဆောင်ရွက်ပေးပါသည်။ လူငယ်စင်တာသည်ကလေးရရှိမှုကြံ့ကြာစေရန်အကြံပေးဆွေးနွေးခြင်း၊ ကွန်ဒုံးကဲ့သို့ ထောက်ပံ့ပစ္စည်းများအပြင် ကိုယ်ဝန်တားနည်း တစ်ခုခုကိုလည်း ကူညီထောက်ပံ့ ပေးပါသည်။

လူငယ်စင်တာအား CBOsအဖွဲ့(၈)ဖွဲ့ဖြင့် လုပ်ဆောင်နေသည် မှာလည်း အခွင့်အရေးကြီးတစ်ခု ဖြစ်စေသည့်အချက် ဖြစ်ပါသည်။ စင်တာသည် လာရောက်သူများကိုလည်း သူတို့လိုအပ်လျှင် ပိုမိုပြည့်စုံသည့် အထောက်အပံ့များအတွက် မယ်တော် ( Mae Tao) ဆေးခန်းများကဲ့သို့ ကွန်ရက်တွင်း တခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးနိုင်ပါသည်။

စင်တာသည် သီးသန့်လုံခြုံသော နေရာတစ်ခုတွင်တည်ရှိပြီး အပျိုဖေါ်၊လူပျိုဖေါ်အရွယ်များအတွက် အနားယူရန်၊ စာဖတ်ရန်၊ ဇာတ်ကားများကြည့်ရန်၊ ကာရာအိုကေဆိုရန်၊ စကားပြောရန်နှင့် စားပွဲတင် တင်းနစ်ကစားရန်လည်း နေရာလုပ်ထားပေးပါသည်။ ဤအရာများသည် အပျိုဖေါ်၊ လူပျိုဖေါ်အရွယ်များအတွက် သက်သောင့်သက်သာ ဖြစ်စေပါသည်။

## ကျွန်ုပ်တို့ယခု ဘာလုပ်မည်နည်း။

ကျွန်ုပ်တို့သည် ဘေးအန္တရာယ်များ၊ပဋိပက္ခကြောင့်ဒုက္ခရောက်ခဲ့သည့် အပျိုဖေါ်၊လူပျိုဖေါ်အရွယ်အများအတွက် လိင်နှင့်မျိုးပွားခြင်း ကျမ်းမာရေးအကြောင်းကို အစီရင်ခံစာ ရေးနေသည့်အပြင် ARHN နှင့်ပတ်သတ်သည့် စုဆောင့်ထားသော သတင်းအချက်အလက်များလည်း ဤအစီရင်ခံစာတွင်ပါဝင်လိမ့်မည်။ ဤအစီရင်ခံစာသည် ထိုကဲ့သို့စီမံကိန်းများ၏စိန်ခေါ်မှုများနှင့်လက်တွေ့လုပ်ဆောင် ချက်ကောင်းများကို အဓိကထားထောက်ပြ ပေးလိမ့်မည်။ ကျွန်ုပ်တို့သည် ARHN ကဲ့သို့ကွန်ရက်ဖြင့်ပြီးစီးခဲ့သော လုပ်ဆောင်ချက်ကောင်းများကို အလေးထားမှု ရလာခြင်းဖြင့် ဤသို့စီမံကိန်းများအတွက် ရန်ပုံငွေများပိုမိုရရှိလာမည်ဖြစ်ကာ ကမ္ဘာအနှံ့ရှိ အပျိုဖေါ်၊လူပျိုဖေါ်အရွယ်များအတွက် လိင်နှင့်မျိုးပွားခြင်း ကျမ်းမာရေးဝန်ဆောင်မှုများကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။




**ရောက်ရှိလာသူများအား ARHN စီစဉ်ဆောင်ရွက်ပေးသူများမှ ကြိုဆိုနုတ်ဆက် ပေးပါသည်။**

## အကယ်၍သင်သည် ပို၍လေ့လာသိရှိလိုပါက မည်သို့လုပ်ဆောင်နိုင်သနည်း။

ARHN လူငယ်စင်တာသည် မဲဆောက်တွင်တည်ရှိပြီး ၁၀:၀၀ နာရီမှ ၁၈:၀၀ နာရီထိ တစ်ပါတ်(၇) ရက်ဖွင့်လှစ်ထားပါသည်။

နေရာရွှေ့ပြောင်းဒုက္ခသည် အမျိုးသမီးများနှင့်ကလေးလူငယ် များကိုစား အမျိုးသမီးဒုက္ခသည်ကော်မရှင်၏ ကူညီဆောင် ရွက်ချက်များ အကြောင်းကိုပိုမိုလေ့လာလိုပါက www.womensrefugeecommission.org (သို့မဟုတ်) info@wrcommission.org ကိုဆက်သွယ်နိုင်ပါသည်။

**ဓါတ်ပုံ၊ အမျိုးသမီးဒုက္ခသည်ကော်မရှင်/ Mihoko Tanabe**
**ဤစာတမ်းအား Erin Stone မှရေးသားပြုစုသည်။**